# အပစ်အခတ်ရပ်စဲရေး၊ အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အပြောင်းအလဲကာလများကြားရှိ ကရင်အမျိုးသားအစည်းအရုံး

ကင်မ်ဂျိုလိဖ်

မူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ်
အမှတ် (၁၆)

ဒီဇင်ဘာလ၊ ၂၀၁၆

ယခုမူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်သည် *အပစ်အခပ်ရပ်စဲရေး၊ အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အပြောင်းအလဲကာလများရှိ ကရင်အမျိုးသား အစည်းအရုံး၊ ဒီဇင်ဘာလ၂၀၁၆၊* ကင်မ်ဂျိုလိဖ် တို့၏ မူရင်းသုတေသန စာစောင်အား အနှစ်ချုပ်ထားခြင်းဖြစ်ပါသည်။ မူရင်း သုတေသနစာစောင်ကို ဖော်ပြပါ ဝက်ဆိုက်ဒ်လင့်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ http://asiafoundation.org/publication/ceasefires-governance-development-burmese-version/

ရည်ညွှန်းကိုးကား - ကင်မ်ဂျိုလိဖ်၊ ဒီဇင်ဘာလ ၂၀၁၆၊ *အပစ်အခပ်ရပ်စဲရေး၊ အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အပြောင်းအလဲကာလများရှိ ကရင်အမျိုးသား အစည်းအရုံး။ ရန်ကုန်၊* အာရှဖောင်ဒေးရှင်း



ယခုမူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်နှင့် မူရင်း သုတေသနစာတမ်းကို ဗြိတန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) နှင့် ဩစတြေးလျ နိုင်ငံခြားရေးနှင့် ကုန်သွယ်မှုဌာန (DFAT) မှ ရန်ပုံငွေ ထောက်ပံ့ ပေးထားပါသည်။

## တစ်။ ။ မိတ်ဆက်

ဤမူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်တွင် ကရင်အမျိုးသား အစည်းအရုံး (KNU) နှင့် မြန်မာအစိုးရတို့အကြား ဖြစ်ပေါ်ခဲ့သော ၆၇ နှစ်ကြာ ပဋိပက္ခနှင့် ဆက်စပ်ပေါ်ပေါက်လာသော အုပ်ချုပ်မှု အခြေအနေများကို ဆန်းစစ်သွားမည် ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများ နှင့် နိုင်ငံရေးဆိုင်ရာ တိုးတက်မှုများက KNU အဓိကလှုပ်ရှားရာ ဒေသဖြစ်သော မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ကျေးလက်ဒေသများရှိ အုပ်ချုပ်ရေးအနေအထားများကို မည်သို့ ပြောင်းလဲစေခဲ့ကြောင်းကို ဆန်းစစ်ထားပါသည်။ ၎င်းပြောင်းလဲတိုးတက်မှုများက ယခင်စစ်တပ်သာရှိခဲ့သည့် ပြည်နယ်၏ နယ်မြေပိုင်နက်များတွင် အစိုးရမှပါ အုပ်ချုပ်ရေး ဝင်ရောက်ချဲ့ထွင်နိုင်အောင် အခြေအနေများပေးခဲ့သည်။ တစ်ချိန်တည်းတွင် KNU သည်လည်း ဩဇာအာဏာသက်ရောက်မှု ဆိုင်ရာ အပြောင်းအလဲမှုများဖြစ်ပေါ်နေသော ဒေသများရှိ လူထုနှင့် ပိုမို လွတ်လပ်စွာ ဆက်ဆံနိုင်ခွင့် ရလာခဲ့သည်။ ထိုအချင်းအရာက ပေါင်းစပ်ညှိနှိုင်းမှုနှင့် ယှဉ်ပြိုင်မှုပုံစံအသစ်များ ဖြစ်ပေါ်စေခဲ့သည့် အပြင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပဋိပက္ခဖြစ်ပေါ်စေမည့် အကြောင်းအရာအသစ်များလည်း ပေါ်ပေါက်လာစေခဲ့သည်။

၂၀၁၂ ခုနှစ်တွင် KNU သည်လအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ပြီး ထိုအချိန်မှစကာ မြန်မာနိုင်ငံ၏ လက်နက်ကိုင်အဖွဲ့ပေါင်းစုံပါဝင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကကျသော အဖွဲ့အစည်းတစ်ခုဖြစ်လာခဲ့သည်။ လက်ရှိအစိုးရသစ်သည် KNUအပါအဝင်အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များ အစဉ်အမြဲတောင့်တခဲ့သည့် ဖက်ဒရယ်စနစ်ကို အခြေခံသော အစိုးရတစ်ရပ်ထူထောင်ရေးကို ရှေးရှုကာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဦးစီးဖော်ဆောင်လျက်ရှိသည်။ သို့သော် တပ်မတော်သည် စစ်မက်ရေးရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် လုပ်ပိုင်ခွင့်အာဏာများကို သိသိသာသာပိုင်ဆိုင်ထားဆဲဖြစ်ပြီး ကြီးမားသော နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် အတိုက်အခံပြုလုပ်နေဆဲဖြစ်သည်။

KNU သည် အစိုးရမှ အုပ်ချုပ်ရေးအစီအစဉ်များ မဖော်ဆောင်နိုင်သေးသည့် ဒေသများတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် အုပ်ချုပ်ရေး အဖွဲ့အစည်းတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း ဤစာတမ်းငယ်က ပြသထားသည်။ သို့သော် ကျေးလက်ဒေသများတွင် ထိရောက်သော အုပ်ချုပ်ရေးဖော်ဆောင်ရာ၌ မြန်မာနိုင်ငံ၏ အရပ်သားတစ်ပိုင်း နိုင်ငံရေးအခြေအနေသစ်က ယခင်အစိုးရများထက် ပိုမိုထိရောက်မှုရှိပုံပေါ်နေသည်။ ထိုအချင်းအရာက KNU အဓိကကျမှုကို စိန်ခေါ်လျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ KNU သို့မဟုတ် ၎င်း၏ ကျယ်ပြန့်သော လှုပ်ရှားမှုသည် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သည့် ပုံစံဖြစ်စေ၊ ပဋိပက္ခအနေအထားဖြင့်ဖြစ်စေ တစ်နည်းမဟုတ်တစ်နည်းဖြင့် လာမည့် ဆယ်စုနှစ်များအထိ ဆက်လက်တည်ရှိနေမည်ဆိုသည့် အချက်ကိုမူ ငြင်းမရပေ။ ထို့ကြောင့် ယှဉ်ပြိုင်မှုများကို အဆုံးသတ်ပြီး ငြိမ်းချမ်းရေးကို အထောက်အကူပြုသော အုပ်ချုပ်ရေးစနစ်များ ဖော်ဆောင်ရန် အလွန်အရေးကြီးပါသည်။ ထိုသို့ ဖော်ဆောင်နိုင်ရန်မှာမူ KNU အတွက် တရားဝင်အုပ်ချုပ်ရေးအခန်းကဏ္ဍ သတ်မှတ်ပေးနိုင်မှုနှင့် ၎င်း၏ ခေါင်းဆောင်မှုအောက်တွင် အဖွဲ့အစည်းအသစ်များ ဖော်ထုတ်ပေးနိုင်မှုအပေါ်တို့တွင် မူတည်နေသည်။ သို့မှသာလျှင် လက်နက်ကိုင်တော်လှန်မှု သဘောတရားအပေါ် မှီတည်နေခြင်းမှ ရေရှည်တည်တံ့သည့် ပြောင်းလဲမှုများပြုလုပ်နိုင်မည်ဖြစ်သည်။ ထိုသို့ အခန်းကဏ္ဍပြောင်းလဲမှုများ ပြုလုပ်ရာတွင် KNU အနေဖြင့် နိုင်ငံရေးပါတီတစ်ခုအသွင်ယူရန် လိုအပ်နိုင်ပြီး ကရင်ခေါင်းဆောင်များအတွက် အုပ်ချုပ်ရေးနှင့်လုံခြုံရေးကဏ္ဍများ၌ တန်းတူအခွင့်အရေးများရရှိနိုင်မည့် သိသာသော ဖက်ဒရယ်ဆန်သည့် ပြောင်းလဲမှုများနှင့် အာမခံချက်များ ရှိမှသာ ပြုပြင်ပြောင်းလဲခြင်း လုပ်ကောင်းလုပ်ပေလိမ့်မည်။ လတ်တလောအနေဖြင့် KNU ၏ အပစ်အခတ်ရပ်စဲရေးသည် စီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ များပြားလာသည့် အနေအထားတွင်သာ တန့်မနေပဲ ပြည့်စုံသော နိုင်ငံရေးသဘောတူညီချက်သို့ ဦးတည်သွားရန် အရေးကြီးသည်။

## သုံး။ ။ KNU ၏ သမိုင်းအကျဉ်း

ကိုလိုနီခေတ်အတွင်းတွင် ကရင်လူမျိုးများသည် မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် ပြန့်ကျဲနေထိုင်ကြသဖြင့် ကွဲပြားသော အုပ်ချုပ်ပုံစံအမျိုးမျိုးအောက်တွင်ကျရောက်ခဲ့ကြသည်။ ကရင်လူမျိုးအများစုသည် ဗြိတိသျှတို့က အစပိုင်းတွင် Burma Proper နောက်ပိုင်းတွင် Ministerial Burma ဟုခေါ်ခဲ့ကြသော ပြည်မတွင် ဗမာနှင့် အခြားလူမျိုးအုပ်စုများနှင့် ထွေးယောယှက်တင် နေထိုင်ကြသည်။ ဗြိတိသျှတို့သည် ထိုဒေသများမှ ရှိရင်းစွဲ ရိုးရာအုပ်ချုပ်မှုစနစ်များကို ဖယ်ရှားပြီး အစိုးရစနစ်သစ်တစ်ခုနှင့် အစားထိုးခဲ့သည်။ ထိုစနစ်သစ်၏ စစ်ရေးနှင့် အုပ်ချုပ်ရေးရာထူးအတော်များများတွင် ကရင်လူမျိုးများအား ခန့်ထားရန် ပိုမိုအလေးသာခဲ့ကြသည်။ ထိုအချိန်အတောအတွင်း၌ ဗမာလူမျိုးများသည် ဖယ်ထုတ်ခံခဲ့ကြရပြီး တစ်ခါတစ်ရံတွင် ကရင်အင်အားစုများ၏ ပြင်းထန်စွာ ဖိနှိပ်မှုများကိုလည်း ခံခဲ့ရသည်။ တစ်ချိန်တည်းတွင် ယနေ့ ရှမ်း၊ ကချင်၊ ချင်းနှင့် ကယားပြည်နယ် တို့အပါအဝင် တောတောင်ထူထပ်သော ဒေသအတော်များများကို "တောင်တန်းဒေသများ" ဟု သတ်မှတ်ခဲ့သည်။ ၎င်းတို့သည် ကရင်နယ်မြေတစ်ခုဖြစ်ပြီး ယနေ့ KNU မူးတာရောခရိုင်(အစိုးရအခေါ် ဖာပွန်မြို့နယ်) ဖြစ်သော သံလွင်ခရိုင်နှင့် အနီးအနားတဝိုက်ဒေသများလည်း ပါဝင်သည်။ ထိုဒေသသည် ကိုလိုနီအစိုးရ၏ အုပ်ချုပ်ရေးချက်မဖြစ်သော ရန်ကုန်နှင့် ဆက်စပ်မှုမရှိသလောက်ဖြစ်ပြီး အလုံးစုံနီးပါးရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရခဲ့သလို KNU ၏အုပ်ချုပ်မှုအောက်တွင်သာ အမြဲတမ်းနီးပါးရှိခဲ့သည်။

**KNU ဖွဲ့စည်းတည်ထောင်ခြင်း** - KNU ၏ အမျိုးသားရေးလှုပ်ရှားမှုများသည် ၁၈၈၀ ပြည့်နှစ်များကတည်းက စတင်ခဲ့ပြီး ပညာတတ်ခရစ်ယာန်ကရင်များဦးဆောင်သည့် နောက်ပိုင်းတွင် နိုင်ငံရေးပါတီတစ်ခုဖြစ်လာခဲ့သောကရင်အမျိုးသားအသင်း(KNA)ကိုလည်းတည်ထောင်ခဲ့သည်။ KNU ကို KIA အပါအဝင် ကရင် လူမှုရေး၊ နိုင်ငံရေးနှင့် ဘာသာရေး အဖွဲ့အစည်းများ၏ အချုပ်အဖွဲ့အစည်းအဖြစ် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အစည်းအရုံးကို ကျော်ကြားသော နိုင်ငံရေးလှုပ်ရှားသူများ၊ ရှေ့နေများနှင့် ပညာရှင်များက ဦးဆောင်ခဲ့ပြီး ကရင်လူမျိုးများ နေထိုင်သော ဒေသများမှ ထောက်ခံမှု ကျယ်ကျယ်ပြန့်ပြန့်ရရှိခဲ့သည်။ KNU နှင့် ၎င်းအရိုက်အရာကို ဆက်ခံသူများက လွတ်လပ်သော ကရင်ပြည်နယ်ဖြစ်အောင် ရည်မှန်းတောင်းဆိုမှုများ ရှိသည်။ ၎င်းအခြေအနေကို ကရင်လူမျိုးအများအပြားနေထိုင်သော ဗမာဗဟိုအုပ်ချုပ်မှုအောက်တွင် ကိုယ်စားလှယ်များ ထားရှိနိုင်သည့် ဖက်ဒရယ်ပေါင်းစည်းမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရည်မှန်းတောင်းဆိုခဲ့ခြင်းမျိုးဖြစ်သည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် မြန်မာ့လွတ်လပ်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှအစိုးရတို့အကြား မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန် သဘောတူညီကြောင်း လက်မှတ်ရေးထိုးခဲ့သည့် အောင်ဆန်း-အက်တလီစာချုပ်ကို တုံ့ပြန်ရန် KNU ကိုထူထောင်ခဲ့ခြင်းလည်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်တလျှောက်လုံးနီးပါးတွင် ဆန့်ကျင်ဘက်နှစ်ခုမှ တိုက်ပွဲဝင်ခဲ့သဖြင့် ကရင်နှင့် ဗမာခေါင်းဆောင်များအကြား တင်းမာမှုများ အလွန်မြင့်မားခဲ့သည်။ အောင်ဆန်းသည် ၎င်း၏ အစိုးရအဖွဲ့တွင် ကရင်အမျိုးသားနှစ်ဦးကို ခန့်အပ်တာဝန်ပေးခဲ့သော်လည်း ၎င်းတို့ နှစ်ဦးစလုံးကို အဆိုပါ သဘောတူညီမှုအစည်းအဝေးသို့ ဖိတ်ကြားခြင်းမပြုခဲ့ပေ။ ကရင်ခေါင်းဆောင်များသည် ဗမာကြီးစိုးသော မြန်မာ့လွတ်လပ်ရေးတွင် ၎င်းတို့၏ အခန်းကဏ္ဍများ ဖိနှိပ်ခံရမည်ကို တစစ စိုးရိမ်လာခဲ့သည်။ ထိုသဘောတူညီမှုတွင် ကရင်နှင့်ပတ်သက်သည့် အုပ်ချုပ်ရေးအစီအမံ သတ်သတ်မှတ်မှတ် ရည်ညွှန်းဆွေးနွေးခဲ့ခြင်းမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆုံးဖြတ်ရန် တိုင်းပြုပြည်ပြုလွှတ်တော်တစ်ရပ် ထူထောင်ရန်ကိုသာ ရည်ညွှန်းဆွေးနွေးခဲ့သည်။ တစ်ချိန်တည်းတွင် ကရင်စစ်ခေါင်းဆောင်များသည် အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့များ၏ ထိပ်ပိုင်းတွင် ဆက်လက်တည်ရှိခဲ့ပြီး သီးသန့်တည်ရှိသော "ကရင်ရိုင်ဖယ်တပ်ရင်း"အဖြစ် ရှိနေခဲ့သည်။

KNU ၏ ပထမအကြိမ်ကြေညာချက် (ဖေဖော်ဝါရီ ၁၉၄၇) တွင် ကိုယ်ပိုင်အချုပ်အခြာအာဏာရှိသော (မြန်မာနိုင်ငံ အောက်ပိုင်းဒေသအများစု လွှမ်းခြုံပါဝင်သည့်)[၈] ကရင်ပြည်နယ် နှင့် ရန်ကုန်ရှိ ဥပဒေပြုရေး၊ တပ်မတော်နှင့် ပြည်သူ့ဝန်ထမ်း ကဏ္ဍများတွင် ကရင်လူမျိုးပါဝင်မှုအချိုးအစားကို မြှင့်တင်ပေးရေးတို့ကို တောင်းဆိုခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်က ထိုတောင်းဆိုချက်များကို လျစ်လျူရှုခဲ့သဖြင့် KNU က သပိတ်မှောက်ခဲ့ပြီး စောဘဦးကြီး သည်လည်း ၎င်း၏ အစိုးရအဖွဲ့ရာထူးမှ နုတ်ထွက်ခဲ့သည်။ KNU သည် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း (Karen National Defense Organization – KNDO) ကို ၁၉၄၇ ခုနှစ် ဇူလိုင်လတွင် တည်ထောင်ခဲ့ပြီး အဖွဲ့ဝင်များကို နိုင်ငံတစ်ဝှမ်းချထားခဲ့သည်။ KNU ၏ ဒုတိယကြေညာချက် (၁၉၄၇ ခုနှစ် အောက်တိုဘာ)သည် ပိုမိုရည်မှန်းချက် ကြီးမားလာခဲ့သည်။ ၎င်းကြေညာချက်တွင် "လွတ်လပ်သော ကရင်ပြည်နယ်" တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ အများစုနှင့် ပဲခူးတိုင်း (အကြမ်းဖျဉ်းအားဖြင့် ယနေ့ ပဲခူးတိုင်းဒေသကြီး) ၏ အစိတ်အပိုင်းအချို့ ပါဝင်သင့်ကြောင်းနှင့် ထိုကိစ္စအား ကမ္ဘာ့ကုလသမဂ္ဂအထိ တင်သွင်းရန် ဖော်ပြခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ၎င်းကရင်ပြည်နယ်သည် "မြန်မာနိုင်ငံ၏ ကိုယ်ပိုင် အချုပ်အခြာ အာဏာပိုင် ပြည်နယ်များ (Autonomous National States of Burma)"[၉] ဟုခေါ်သော ဖက်ဒရယ်ဖွဲ့စည်းမှုတစ်ခုအောက်တွင်ရှိရန် မျှော်မှန်းထားခြင်းမျိုးဖြစ်သည်။

---

[၈] Mahn Robert Ba Zan (2008), 95 တွင်ဖော်ပြထားသည့် ဗြိတိသျှအစိုးရထံသို့ ကြေးနန်းစာအဖြစ်ပေးပို့ခဲ့သော KNU ၏ ပထမကြေညာချက်ကို ကြည့်ပါ။ Mahn Robert Ba Zan, *Mahn Ba Zan and the Karen Revolution* (n.p., 2008), 95. *Karen National Union (K.N.U.) Bulletin*, no. 10, March 1987 ကို http://www.ibiblio.org/obl/docs3/KNUBulletin010-LR.pdf တွင်ကြည့်ပါ။ KNU သည် ယခု ကယားပြည်နယ် မပါဝင်သည့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတစ်ခုလုံးဖြစ်သော ယခင်တနင်္သာရီတိုင်း နယ်နိမိတ်တစ်ခုလုံးကို ကရင်ပြည်နယ်အတွင်းသို့ သွတ်သွင်းလိုခဲ့သည်။

[၉] Smith , Insurgency and the Politics of Ethnicity, 87.

## တစ်ဆယ်။ ။ အဓိကမေးခွန်းပုစ္ဆာများနှင့် ဆက်လက်လေ့လာဖတ်ရှုရန်

### ဆွေးနွေးရမည့်အမေးပုစ္ဆာများ

၁။ KNU ခရိုင်များအသီးသီးတွေ့ကြုံရသည့် မတူညီသော နောက်ခံသမိုင်း၊ ပထဝီဝင်အနေအထားနှင့် နည်းဗျူဟာအခြေအနေများက ၎င်းတို့ခေါင်းဆောင်များ၏ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြင်များအပေါ် မည်သို့သက်ရောက်မှုရှိသနည်း။

၂။ အစိုးရမှစတင်ဆောင်ရွက်ပေးနေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် လူမှုဝန်ဆောင်မှုအရင်းအမြစ်များကို ဒေသလူထုများအတွက် အကျိုးရှိအောင်အသုံးချရင်း တစ်ချိန်တည်းတွင် အစိုးရနှင့် KNU အကြား ယုံကြည်မှုတည်ဆောက်နိုင်ရန် မည်သို့ ဆောင်ရွက်နိုင်မည်နည်း။

၃။ လုံခြုံစိတ်ချရသော "ကြားကာလအစီအမံများ" ဖော်ဆောင်ခြင်းဖြင့် အပစ်အခတ်ရပ်စဲထားသော ဒေသများ၊ အထူးသဖြင့် အာဏာပိုင် အမျိုးမျိုးရောထွေးနေသော ဒေသများတွင် ပိုမိုကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို မည်သို့ မြှင့်တင်ပေးနိုင်မည်နည်း။

၄။ KNU ၏ အနာဂတ်အခန်းကဏ္ဍမှာ မည်သို့ဖြစ်လာမည်နည်း။ ၎င်း၏အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များက မြန်မာနိုင်ငံ၏ ငြိမ်းချမ်း ရေး၊ ဖွံ့ဖြိုးရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးများသို့ မည်သို့ ထောက်ကူပေးနိုင်သနည်း။

၅။ အစိုးရအနေဖြင့် KNU နှင့် ယုံကြည်မှုတည်ဆောက်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းအောင် ပြုလုပ်ရန်အတွက် အစည်းအရုံး၏ လက်ရှိနိုင်ငံရေးနှင့် လူမှုရေးဖွဲ့စည်းပုံများမှာ ပြည်ထောင်စုအတွင်း အနာဂတ်အလားအလာရှိကြောင်းနှင့် ပျောက်ပျက်သွားအောင် ပြုလုပ်မည်မဟုတ်ကြောင်း သို့မဟုတ် "ဗမာဇာတ်သွင်းခြင်း"ကို ပြုလုပ်မည်မဟုတ်ကြောင်းကို မည်သို့ ပြသနိုင်သနည်း။

၆။ ၂၀၁၂ ခုနှစ် KNU နှင့် KKO/DKBA အပစ်အခတ်ရပ်စဲမှုများကတည်းက မြန်မာနိုင်ငံတဝှမ်းရှိ ငြိမ်းချမ်းရေး ဖော်ဆောင်မှုများ၏ လက်တွေ့တိုးတက်မှုများမှတဆင့် မည်သည့်သင်ခန်းစာများ ယူနိုင်သနည်း။

၇။ နိုင်ငံတကာအလှူရှင်များအနေဖြင့် KNU ၏ အပြုသဘောဆောင်သော လူမှုအခန်းကဏ္ဍကို မည်သို့ပိုကောင်းအောင် ပြုလုပ်နိုင်မည်နည်း။ အလှူရှင်အဖွဲ့များက ပဋိပက္ခသဘောတရားကို နားလည်သိတတ်စွာ သက်ဆိုင်သူအားလုံးအကြား ယုံကြည်မှုတည်ဆောက်ရာတွင် အထောက်အကူများပေးပြီး ကြာရှည်တည်မြဲမည့် ငြိမ်းချမ်းရေးအကူးအပြောင်းအတွက် မည်ကဲ့သို့ ကူညီနိုင်မည်နည်း။

